စီရင်ချက်ပုံစံ

စမ်းချောင်းမြို့နယ်တရားသူကြီးရုံးတော်၌

၂၀၁၉ ခုနှစ်၊ ဩဂုတ် လ ၊ ၂၉ ရက်နေ့။

၂၀၁၉ ခုနှစ်၊ တရားမကြီး မှု အမှတ် ၁၁။

မြန်မာ့စီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက် နှင့် ဒေါ်ချိုမာကျော်

(တရားလို) (တရားပြိုင်)

(ခွင့်စာရေး)
စမ်းချောင်းမြို့နယ်

တရားလိုအတွက် - ဒေါ်သင်းသင်းမော်၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - ကိုယ်တိုင်

**ချေးငွေ ၂၀၀၀၀၀၀/- နှင့် အတိုးငွေ ကျပ် ၁၂၆၀၀၀၀/- စုစုပေါင်းငွေကျပ် ၃၂၆၀၀၀၀/- ရလိုမှု**

**စီရင်ချက်**

အမှုမှာ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ (၂)ရပ်ကွက်နေ မြန်မာ့စီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်က တရားပြိုင် ဒေါ်ချိုမာကျော် အပေါ် ငွေချေးလုပ်ငန်း၏သက်သာသောအတိုးနှုန်းတစ်ခုဖြင့် ချေးယူသွားသည့် ချေးငွေ ချေးငွေ ၂၀၀၀၀၀၀/- နှင့် အတိုးငွေ ကျပ် ၁၂၆၀၀၀၀/- စုစုပေါင်းငွေကျပ် ၃၂၆၀၀၀၀/- ရလိုမှု စွဲဆိုရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် ငွေချေးလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပြီး တရားပြိုင်အပါအဝင် ၎င်း၏လက်အောက်တွင် အလုပ်လုပ်ကိုင်နေသော အခြားဆရာ၊ ဆရာမများနှင့် ၎င်းကိုယ်တိုင်လိုအပ်သည့်ငွေကြေးအပ်အတွက် ငွေချေးယူလို ကြောင်းလျှောက်ထားခဲ့ရာ တရားလိုကုမ္ပဏီမှ စိစစ်ပြီး ၃၀-၁၁-၂၀၁၆ ရက်နေ့တွင် ငွေကျပ် ၁၈၀၀၀၀၀/- အား ကုမ္ပဏီတည်ရှိရာ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ပန်းခြံတာဝန်၊ တိုက်(၈)၊ အခန်း(၄၀၅)တွင် ဝန်ခံကတိစာချုပ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း၊ ထို့နောက် တရားပြိုင်မှ အေးရှာသစ်ကျောင်းအတွက် ငွေကျပ် ၁၈၀၀၀၀၀/- ချေးငွေချေးယူခဲ့ သည့်အပြင် ကျောင်းမှ နောက်တိုးဝန်ထမ်းများအတွက် ချေးငွေထုတ်ချေးပေးပါရန် တင်ပြလာခြင်းအပေါ် ကုမ္ပဏီမှစိစစ်ကာ ၃၁-၁-၂၀၁၇ ရက်နေ့တွင် ငွေကျပ် ၁၅၀၀၀၀၀/-

(တရားသူကြီး)

အား ၃၁-၃-၂၀၁၇ ရက်နေ့တွင် ချေးငွေထုတ်ပေးပါရန်တင်ပြလာ၍ အဆိုပါငွေ သိန်း ၃၀ ကျပ်အား ကုမ္ပဏီရုံးခန်းတွင်ပင် ချေးခဲ့ရာ စုစုပေါင်းငွေကျပ် ၃၃၀၀၀၀၀၀/- ကျပ် အား တရားပြိုင်မှ ဝန်ခံကတိအသီးသီးဖြင့် ဝန်ခံရယူခဲ့ကြောင်း၊ တရားပြိုင်မှ အေးရွာသစ်ကျောင်း အတွက် ငွေကျပ်စုစုပေါင်း အရင်းဆပ်ငွေ ၁၃၀၀၀၀၀၀/- ပေးဆပ်ခဲ့ပြီး စုစုပေါင်း အရင်း ကျန်ငွေ ၂၀၀၀၀၀၀၀/- နှင့် အတိုးငွေကျပ် ၁၂၆၀၀၀၀၀/- စုစုပေါင်းငွေကျပ် ၃၂၆၀၀၀၀၀/- ဖြစ်ကြောင်း၊ တရားပြိုင်မှ လစဉ်ပေးသွင်းရမည့်ငွေများအား ပေးသွင်းခြင်းမရှိ ပျက်ကွက်ခဲ့၍ တွေ့ဆုံမေးမြန်းရာ အဆိုပါကျောင်းများနှင့်ပတ်သက်မှုမရှိဘဲ တရားပြိုင်မှ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည့်အတွက် ၎င်းတွင်သာတာဝန်ရှိကြောင်း ၃၁-၈-၂၀၁၈ ရက်နေ့တွင် ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုကတိအရ ၃၁-၃-၂၀၁၉ ရက်နေ့တွင် နောက်ဆုံးထား၍ အကြေအလည်ပေးဆပ်ပါမည်ဟုဝန်ခံခဲ့ကြောင်း၊ ထို့နောက် မည်သို့မျှ ပေးဆပ်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့၍ ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် ထပ်မံအကြောင်းကြား၍ ဝန်ခံကတိပြုလက်မှတ် ထိုးခဲ့ကြောင်း၊ ထိုသို့ ဝန်ခံကတိများလက်မှတ်ရေးထိုးခဲ့သော်လည်း တရားလိုကုမ္ပဏီသို့ပေး သွင်းရမည့်ငွေများအား လစဉ်ပုံမှန်ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်ခဲ့၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ တွင် မြို့နယ်ပညာရေးမှူးရုံး၌ ဆွေးနွေးရန်ဖိတ်ကြားခဲ့သော်လည်း လာရောက်တွေ့ဆုံခြင်း မရှိပျက်ကွက်ခဲ့၍ တရားလိုမြန်မာ့စီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်အနေဖြင့် တရား ပြိုင်ထံမှ စုစုပေါင်း ငွေကျပ် ၃၂၆၀၀၀၀၀/- ရထိုက်ခွင့်ရှိကြောင်း စသည်ဖြင့် ဖော်ပြ အဆိုပြုထားသည်။

တရားပြိုင်မှ တရားလို၏အဆိုလွှာပါ အချက်များအပေါ် တစ်စုံတစ်ရာငြင်းဆိုလိုခြင်း မရှိပါကြောင်း ဝန်ခံချေလွှာတင်သွင်းသည်။

ထို့နောက် တရားမကျင့်ထုံးအမိန့် ၂၃၊ နည်းဥပဒေ ၃ အရ အမှုအား ပြေငြိမ်းဒီကရီချမှတ်ပေးပါရန် တရားလိုနှင့် တရားပြိုင်တို့မှ သဘောတူလက်မှတ်ရေးထိုး၍ လျှောက်ထားလွှာတင်သွင်းသည်။

အမှုမှ တရားပြိုင်သည် တရားလိုအပေါ် ငွေကျပ် ၃၂၆၀၀၀၀၀/- တိတိအား ဝန်ခံချေလွှာတင်သွင်းခဲ့သည့်အပေါ် တရားလိုဘက်မှ တရားလိုစွဲဆိုထားသောအမှုအား ပြေငြိမ်းပြီးပြတ်ရတ်သိမ်းရန် သဘောတူညီကြောင်းနှင့် တရားလိုစွဲဆိုတောင်းခံထားသည့် ငွေကျပ် ၃၂၆၀၀၀၀၀/- တိတိအပေါ်ပြေငြိမ်းဒီကရီရလိုကြောင်း တရားလိုနှင့် တရားပြိုင်တို့မှ သဘောတူလက်မှတ်ရေးထိုးလျှောက်ထားခဲ့ခြင်းဖြစ်သည်။ အမှုသည်အချင်းချင်း လက်ခံသဘောတူသည့်ကျေနပ်ပြေငြိမ်းမှုဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်းဥပဒေ ၃ အရ အမှုအား မခုခံသောစရိတ်နှင့်တကွ ပြေငြိမ်းဒီကရီချမှတ်ပေးလိုက်သည်။

( စိုးမြတ်မြတ်ငြိမ်း )
တွဲဖက်မြို့နယ်တရားသူကြီး
စမ်းချောင်းမြို့နယ်တရားရုံး